# ယူနန်မှ ပထမအသုတ်အလှပဆုံးသောရှုခင်း (၂၀) ခု သတ်မှတ်ခံရ



► မကြာမီရက်ပိုင်းတွင် သတင်းထောက်သည် "ယူနန်အလှပဆုံးဓာတ်ပုံရိုက်ရန် ရှုခင်း(၁၀၀)ခု ရှာဖွေခြင်း" ကော်မတီမှရရှိသောသတင်းအရ ယူနန်မှ ပထမအသုတ်အလှပဆုံးသော ရှုခင်း(၂၀)ခု ကို အမှတ်ပေးရွေးချယ်ခဲ့ကြောင်း သိရသည်။

ဤအစီအစဉ်သည် "အမြုတေကျ ရှုခင်းခြွင်းချန်၊ ရှုခင်းအသစ်ရှာဖွေ" ဟူသောရည်ရွယ်ချက်ဖြင့် ပါရဂူပညာရှင်များ၊ နာမည်ကျော် ဓာတ်ပုံဆရာများ၊ ခရီးသွား ဝါသနာရှင်များကို စည်းရုံး၍ အမှတ်ပေး ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းလိုက်သည်။ နေရာအသီးသီးရှိ ခရီးသွားရှုခင်းများအပေါ် လောင်ဂျီတွတ်၊ လတ်တီတွတ်၊ ပင်လယ်ရေပြင်အမြင့်၊ မြေအမြင့်၊ အကောင်းဆုံး ဓာတ်ပုံရိုက်ချိန်၊ အကောင်းဆုံးဓာတ်ပုံရိုက်ရာသီစသည့် ပထဝီအချက်အလက်(၆)ခုမှနေ၍ဘက်စုံသုံးသပ်ရွေးချယ်ပြီး ယူနန်ရှုခင်းအလှများကို ဓာတ်ပုံရိုက်ရန် တစ်ကမ္ဘာလုံးရှိ ခရီးသွားနှင့် ဓာတ်ပုံရိုက်ဝါသနာရှင်များအတွက် မှီငြမ်းပြု လမ်းညွှန်အဖြစ် ထောက်ကူပေးမည်ဖြစ်သည်။

ယင်းအလှဆုံးရှုခင်း(၂၀)ခုမှာ ကျင်ချွန်းခရိုင်မှ ဆားရှီးမြို့ဟောင်း၊ ဝေစန်းယီတိုင်းရင်းသားဟွေတိုင်းရင်းသားလူမျိုးများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ မြစ်နီမြစ်ဖျား(၉)ကောက်(၁၈)ကွေ့၊ ရှန်းကေလီလားခရိုင်မှနားဖါးဟိုင်၊ ရှန်းကေလီလားခရိုင်မှ စုံးကျန်းလင်ဘုန်းကြီးကျောင်း၊ တယ်ချင်းခရိုင်မှ မေလီနှင်းတောင်၊ ယွမ်ယန်ခရိုင်မှ ကျားပါးစပ်လှေကား လယ်ကွက်၊ ကျန့်ရွှေခရိုင်မှ နဂါးနှစ်ကောင်တံတား၊ ရှင်းဖင်ယီတိုင်းရင်းသားတိုင်(ရှမ်း)တိုင်းရင်းသားလူမျိုးများကိုယ်ပိုင် အုပ်ချုပ်ခွင့်ရခရိုင်မှ အိုင်လောင်တောင်မြစ်နီလျှို၊ ဟုန်ထားမြို့နယ်မှ နိအော်ရင်ပြင်၊ ယွမ်ကျန်း ဟားနီတိုင်းရင်းသားယီတိုင်းရင်းသားတိုင်(ရှမ်း)တိုင်းရင်းသား လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်မှ နာနိုးလှေကား လယ်ကွက် လူနေအိမ်ခြေ၊ လော်ဖင်ခရိုင်မှ ရွှေကြက်တောင်ကုန်း၊ ဟွေကျယ်ခရိုင်မှ မြက်ပင်လယ်ကြီး၊ ယွိလုံနာရှီးတိုင်းရင်းသား လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ ရှီးကူမြို့ဟောင်း၊ နင်လန်ယီတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ လူကူးကန်၊ မြို့ဟောင်းမြို့နယ်မှ လီကျန်းမြို့ဟောင်း၊ ဝူတင့်ခရိုင်မှ ဝူးတင့်အက်ကြောင်းလျှို၊ ချိုးပေခရိုင်မှ ချင်းလုံတောင်၊ ချန်းယွမ်ဝတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ ဝန်းတင်းရွာ၊ ယန်ကျင်းခရိုင်မှ တို့ရှားကွမ်း၊ ရှီးမုံ ဝတိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ လုံမော်ရဲ စသည်တို့ဖြစ်သည်။

(မာလီယာ)

# ချမ်းဝန်းတောင်ထိပ်၌ နှင်းတွေလွှင့်



► မကြာမီရက်ပိုင်းတွင် လေးငါးရက်ကြာ ဆက်တိုက် မိုးအုံ့၍ ဖွဲဖွဲရွာပြီးနောက် တာ့လီမြို့ရှိ ချမ်းစန်း တောင်ထိပ်တွင် ဆီးနှင်းများ တလူလူ လွင့်ပျံလာနေသည်။ နံနက် အစောကြီးထလာသော တာ့လီမြို့သူမြို့သားများသည် ချမ်းစန်းတောင်ထိပ်တွင် ဖြူစင်သော ဆီးနှင်းများ ဖုံးလွှမ်းနေသည်ကို အံ့သြဝမ်းသာစွာ တွေ့ရှိခဲ့ရသည်။ မွန်းလွဲပိုင်းရောက်ခါနီးတွင် ရှေးဦးစွာ တောင်ပေါ်တက်သွားသူများကလည်း အင်တာနက်ဝက်ဘ်ဆိုက်မှတဆင့် ချမ်းစန်းတောင်ထိပ်၌ ရိုက်ထားသည့် ဆီးနှင်းရှုခင်းပုံကို တင်ပြခဲ့သည်။

တာ့လီချမ်းစန်းတောင်သည် တျန်ချမ်းစန်းတောင်ဟုလည်း ခေါ်တွင်ကြသည်။ တာ့လီပိုင်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၌ တည်ရှိပြီး တာ့လီမြို့၊ ရမ်ပိခရိုင်၊ အော်ယွန်ခရိုင်စသည့် ခရိုင်(မြို့)(၃)ခရိုင်(မြို့)ကို ဖြတ်ကျော်လျက်ရှိနေသည်။ တရုတ်ပြည်၏ ဟင်တွမ်တောင်တန်းမှ ယူနန် တောင်ရိုးဖြစ်သည်။ ဘူမိရုပ်သွင် အလွန်ရှုပ်ထွေးပြီး တောင်ကုန်း(၁၉)လုံးနှင့် မြစ်ချောင်း(၁၈)စင်းတို့ဖြင့် ဖွဲ့စည်းထားသည်။ ဘူမိဖွဲ့စည်းပုံဆိုင်ရာ ပြတိုက်တစ်တိုက် ဖြစ်ပြီး ယင်းပေါ်များရှေးကျသော ဘူမိ အရင်းအမြစ်များသည် ကျောက်ဆောင်ဗေဒ၊ အနည်ဗေဒ၊ ဘူမိအနေအထား ဖွဲ့စည်းမှုဗေဒ၊ ဘူမိရုပ်သွင်ပညာနှင့် ကမ္ဘာမြေကြီးသမိုင်းစသည့် ဘူမိဗေဒဆိုင်ရာ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော သုသေတနတန်ဖိုး ရှိပါသည်။ နှစ်ပေါင်းသန်း၂၀၀၀ကျော် သန္ဓေစွဲခဲ့သော "သဘာဝကျ ဘူမိသမိုင်းစာအုပ်" ဟု ချီးမွမ်းတင်စား ခံခဲ့ရသည်။

(ချင်းမုံလင်း)

# ယီလျန်ခရိုင်ကျောက်ချောင်ပါး၌

## သစ်ရွက်နီများ ခရီးသည်၏မျက်နှာတောက်ပစေ



► ဆောင်းကူးရာသီအတွင်း ယူနန်ပြည်နယ်၏ ပြည်နယ်အဆင့် နာမည်ကျော် ရှုခင်းဒေသဖြစ်သော ကျောင်ထုံးမြို့ ယီလျန်ရှောင်ချောင်ပါးရှုခင်းဒေသရှိ သဘာဝတောရိုင်းမှ သစ်ရွက်များသည် စတင် "လောင်ကျွမ်း"လာပြီး အနီရောင်သို့ ပြောင်းသွားသည်။ သစ်တောအဆင့်ဆင့်ဖြင့် အရောင်"ဆိုး"ခြင်းမှ တစ်မျိုး၊ နေရာတကာ၌ ပြောက်ကျိုးပြောက်ကျား ပျံ့နှံ့သွားခြင်းမှ တစ်ဖုံ၊ သို့မဟုတ် တောတောင်အနှံ့ နီကုန်သွားသည့် မြင်ကွင်း၊ ၄င်းပြင် ဘေးပတ်လည်မှ စီးဆင်းနေသောရေတံခွန်၊ နေရာအနှံ့ တွေ့ရှိနိုင်သည့် သစ်ရွက်တို့ကို ပြာလဲ့လဲ့ ကောင်းကင်နှင့် ဖြူလှုပ်လှုပ်တိမ်များဖြင့် ဖုံးအုပ်ထင်ဟပ်လိုက်သည်။ ခန့်ညားခြင်း၊ ဆန်းကြယ်ခြင်း၊ မတ်စောက်ခြင်း၊ ဆိတ်ငြိမ်ခြင်း၊ လှပခြင်း၊ ရိုးသားခြင်းစသည်တို့ဖြင့် ထင်ရှားကျော်ကြားလာပါသည်။ ရှုခင်းနေရာ (၆၀၀)ကျော်မှာ ယိမ်းငဲ့လှပခြင်းဖြင့် ခရီးသည်များ၏ ဝမ်းသာအားရရယ်မောသံကို ဆွဲဆောင်စေခဲ့သည်။

နွေဦးရာသီကြလျှင် ပန်းမန်ရှုစား၊ နွေရာသီကြလျှင် ရေတံခွန်ကြည့်ရှု၊ မိုးရာသီကြလျှင် အရွက်ခူး၊ ဆောင်းရာသီကြလျှင် ဆီးနှင်းနင်းသည်မှာ သဘာဝကြီးမှ "ကမ္ဘာ့ Gastrodia Elata ဘယဆေးမူရင်းထွက်ရှိရာနေရာ" ဖြစ်သော ရှောင်ချောင်ပါးရှုခင်းဒေသအတွက် ပေးဆောင်ထားသော အကျိုးကျေးဇူးကြီးလည်းဖြစ်၊ သဘာဝကြီးမှ ခရီးသည်များ အထူးသဖြင့် ဓာတ်ပုံရိုက်သူများအတွက် ချန်ထားသော ရှုစားကြဓာတ်ပုံရိုက်ကြသည့် သုခမြေလည်းဖြစ်ပါသည်။

လက်ရှိအချိန်တွင် ဆောင်းကူးရာသီလေများ တိုက်ခတ်ခြင်းနှင့် ဆောင်းကူးကာလရှိ အရိပ်အရောင်တို့၏ အားပေးနှိုးဆော်ခြင်းကြောင့် ရှောင်ချောင်ပါးရှုခင်းဒေသတွင် အလွန်လှပနေပါသည်။ တောတောင်တစ်ခွင် နေရာအနှံ့၌ ဖြန့်ကျယ်နေသော သစ်ပင်သစ်ရွက်များမှာ ရောင်စုံလှပသော အရောင်ခြယ်ကွက်တစ်ကွက်ကွက် ဖြစ်သွားလေသည်။ အစိမ်း၊ အဝါ၊ အနီ၊ ရွှေရောင်စသည့် အရောင်အမျိုးမျိုးရှိသော သစ်ရွက်များမှာ မှုန်တိမှုန်မွှားစွာ ရောနှောထားသည်။

သို့မဟုတ် သီးခြားစီ အကွက်လိုက် တည်ရှိ၍ တောက်တောက်ပြောင်ပြောင် ဖြစ်နေသည်။

အကွက်လိုက် တည်ရှိသော အရွက်နီများသည် "မီးလုံး" သို့မဟုတ် "မီးပင်လယ်" များအဖြစ် ဖြစ်တည်လာပြီး ဆောင်းကူးရာသီ၏ စိတ်အားထက်သန်မှုနှင့် ဆောင်းကူးကာလပါ အရိပ်အယောင်၏ နွားသိုးကြိုးပြတ်ထားမှုများကို အနည်ကျနေပါသည်။

(စိန်းရှီးရွှင်)